


၁၈ ရာစုနှစ်တုန်းက အင်္ဂလန်နိုင်ငံမှာ Philip Broke လို့ခေါ်တဲ့သင်းအုပ်ဆရာ တစ်ပါးရှိပါတယ်။ သူနဲ့သူ့ဇနီးဟာခရီးသွားဘို့ရှိတဲ့အတွက်သူတို့မြို့မှာရှိတဲ့ မြင်းဇောင်းတစ်ခုမှာမြင်းသွားငှါးရာ ''ကျွန်တော်တို့အတွက်အကောင်းဆုံးမြင်းကို ရှာပေးပါလို့''တောင်းဆိုပါတယ်။မြင်းဆရာကြီးက မြင်းတစ်ကောင်ကိုဆွဲလာပြီးတော့ ကျွန်တော့်မြင်းဇောင်းမှာဒီမြင်းဟာအကောင်းဆုံးမြင်းဖြစ်တယ်၊ ဒီမြင်းဟာ ၁ဏ်ပညာနဲ့ပြည့်စုံတယ်၊ ကြင်နာတတ်တယ်၊ နာခံမှုလဲရှိတယ်၊ သူဟာလိုလိုလားလား နဲ့လဲလုပ် ဆောင်တတ်တယ်၊ သခင့်ရဲ့အလိုနဲ့ခိုင်းစေမှုကိုလဲချက်ချင်းတုံ့ပြန်တတ်တယ်၊ သူဟာ မကန်တတ်ဘူး၊ မကိုက်တတ်၊ ပေကပ်ကပ်မလုပ်တတ်ဘူး၊ သူ့ကိုစီးတဲ့ပုဂ္ဂိုလ်တို့ရဲ့စိတ်ကျေနပ်အောင်လုပ်ပေးတတ်တဲ့မြင်းဖြစ်ပါတယ်လို့ပြောပါတယ်။ သူ့ကိုကောင်းကောင်းလေ့ကျင့် ပေးထားတာဖြစ်ပါတယ်လို့မြင်းပိုင်ရှင်ကပြောပါတယ်။ ဒီတော့သင်းအုပ်ဆရာကြီးက ဘာပြောလဲဆိုတော့ ''ခင်ဗျားမြင်းကိုကျွန်တော့်အသင်းတော်မှာအသင်းဝင်ခွင့်ပေးရင်မကောင်းဘူးလား''လို့ပြောပါတယ်။

ရန်ကုန်ဂေါက်ကွင်းမှာ
အသင်းဝင်ချင်
ရင်ငွေသိန်းချီပေးရတယ်၊
ကုက္ကိုင်းရေကူးကန်မှာအသင်းဝင်
ချင်ရင်ငွေဘယ်လောက်ပေးရတယ်...

ဆရာကြီးတပါးကဘာပြောလဲဆိုရင်တော့ ''What kind of Church would be my Church, if all its members were just like me''တဲ့။ ကျွန်တော်လိုသာကျွန်တော့်အသင်းသားမျိုး အားလုံးဖြစ်မယ်ဆိုရင်ကျွန်တော်တို့အသင်းတော်ဟာ ဘယ်လိုဖြစ်မလဲလို့မေးဘူးပါတယ်။ သင်ဟာဘယ်လိုအသင်းသားလဲလို့မေးရသလို၊ သင်ဟာဘယ်လိုသင်းအုပ်ဆရာမျိုးလဲလို့ လဲကိုယ့်ကိုယ်ကိုမေးနေရပါတယ်။ ထို့အတူ ကျွန်တော့်အသင်းတော်ဟာဘယ်လိုအသင်းတော်လဲ ဆိုတာကိုမေးမြန်းဆန်းစစ်ဖို့လိုအပ်ပါတယ်။

အသင်းသူအသားဖြစ်ခြင်းလို့ပြောတဲ့အခါမှာ Member လို့ခေါ်တဲ့အသင်းသူအသင်းသားအဖြစ်ပါဝင်ခြင်းဟာအရေးကြီးပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ အသင်းသားအဖြစ်မပါဝင်ဘူး၊ ဒါပေမဲ့ ပါဝင်နေတဲ့မိတ်ဆွေတွေပြောတာကြားဘူးတာကတော့ ''ရန်ကုန်ဂေါက်ကွင်းမှာ အသင်းဝင်ချင်ရင်ငွေသိန်းချီပေးရတယ်၊ ကုက္ကိုင်းရေကူးကန်မှာအသင်းဝင်ချင်ရင်ငွေဘယ်လောက်ပေးရတယ်'' ဆိုတဲ့အကြောင်းတွေကိုကြားဘူးပါတယ်၊ဒါကြောင့်တော်ရုံတန်ရုံငွေမရှိတဲ့သူတွေအတွက် မလွယ်ဘူးဆိုတာကြားဘူးပါတယ်။

ဒီတော့ယနေ့အသင်းတော်တစ်ပါးမှာ အသင်းသားအဖြစ်ပါဝင်ခြင်းဟာလဲဘယ်လောက်ကြေးကြီးသလဲ၊ တန်ဘိုးကြီးသလဲ၊ လစဉ်ကြေးနဲ့ ဆယ်ဘို့တစ်ဘို့မှန်မှန်ပေးရမယ် ဆိုတဲ့ကန့်သတ်ချက်နဲ့ပါဝင်နေရတာလား၊ ဒီတော့ကျွန်တော်တို့ကကြေးကြီးကြီးနဲ့ အသင်းသားဖြစ်ရလို့တန်ဘိုးထားပြီးအလေးအနက်ထားတတ်တယ်ဆိုတာကိုတွေ့ရပါတယ်။ ဒါပေမဲ့အသင်းတော်တွေမှာ ဘာမှကြေးကြီးကြီးနဲ့သတ်မှတ်ချက်ကန့်သတ်ချက်တွေမရှိဘဲပါဝင်ခွင့်ရတဲ့အခါ ကျွန်တော်တို့ရဲ့အသင်းသားဖြစ်ခြင်းကိုဘာမှ လေးလေးနက်နက်မထားလာတာကိုတွေ့နေရပါတယ်။ ဒါကြောင့်အသင်းသားဖြစ်ခြင်းနဲ့ဘယ်လိုအသင်းသားအနေနဲ့ပါဝင်နေသလဲဆိုတာ အလွန်အရေးကြီးပါတယ်။

ဥပမာ လူတစ်ယောက်ဟာကျွန်တော့်အသင်းသားမဟုတ်ဘူးဆိုရင်ထိုသူ့အပေါ်မှာကျွန်တော့်ရဲ့တာဝန်နည်းပါးသလို သူ့အနေနဲ့လဲအသင်းတော် အပေါ်မှာလေးလေးနက်နက်ထားမှာမဟုတ်ပါဘူး။ ဒါပေမဲ့အသင်းသားဖြစ်ပြီဆိုရင်ကျွန်တော့် (သင်းအုပ်ဆရာ)အနေနဲ့သူ့အပေါ်မှာတာဝန်ရှိ လာသလို၊ သူ့အနေနဲ့လဲအသင်းတော်အပေါ်မှာ တာဝန်ရှိလာပါတယ်။

အကြမ်းအားဖြင့်အသင်းတော်မှာ နှစ်ခြင်းခံခြင်းအားဖြင့်အသင်းသားဖြစ်လာတယ်။ တချို့ ကျတော့လဲသင်းပြောင်းစာနဲ့အသင်းသားဖြစ်လာတယ်။ ဒါပေမဲ့တချို့ကျတော့လဲ နှစ်ခြင်းလဲမခံဘူး ။

သင်းပြောင်းစာလဲမပါ၊ မရှိဘဲအထိအတွေ့၊ အနေအထိုင်များရင်းနဲ့ အသင်းသားအဖြစ်ခံယူနေသူများ လဲရှိပါတယ်။ တချို့ကျပြန်တော့ ကိုယ့်အသင်းသားလား၊ ဘယ်အသင်းကလဲဝေခွဲလို့မရနိုင်တဲ့ အခြေအနေကနေ ရောက်လာတဲ့သူတွေလဲရှိပါတယ်။ ဒါကြောင့်ကွယ်လွန်သွားရင် ဝေယျာဝစ တွေလုပ်ပေးရကောင်းနိုး မလုပ်ရကောင်းနိုးနဲ့ဖြစ်တတ်ပါတယ်။

ဒါကြောင့်မိမိကိုယ်ကိုဘယ်လိုအသင်းသားလဲဆိုတာပထမဦးဆုံးစဉ်းစားသင့်ပါတယ်။ တချို့တွေကတော့ မိမိနှစ်ခြင်းခံရာအသင်းတော်ကို မိခင်အသင်းတော်အဖြစ်သတ်မှတ်ပြီး နေတာ ကတော့ ဟိုပြောင်းဒီပြောင်းနဲ့၊ မိခင်အသင်းတော်ကနေနှုတ်ထွက်ခြင်းလည်းမရှိ၊ တနှစ်တကြိမ်ရှိတဲ့နေရာကနေမိခင်အသင်းတော်ကိုအလှူငွေနဲ့ပါဝင်တဲ့သူတွေလဲရှိပါတယ်။

တခါက မြင်းခြံမြို့မှာသင်းအုပ်ဆရာတစ်ပါးနဲ့တွေ့တော့၊ ဘယ်ကလဲလို့မေးတဲ့အခါ ပုသိမ်မြောင်းမြဖက် တောရွာလေးတစ်ရွာကလာတယ်လို့ပြောပါတယ်၊ ဘာလုပ်သလဲ လို့မေးတော့ သူ့အသင်းသားတစ်ယောက် ဒီဒေသမှာအစိုးရဝန် ထမ်းနေကြောင်းသူ့ကိုပွဲတော်လာပေးကြောင်း ပြောပါတယ်။ ဒီအဖြစ်အပျက်ကိုကြည့်ရင် မိမိအသင်းတော်နဲ့မိမိအသင်းသားကို စွဲလန်းပြီး သစၥာကြီးတဲ့ဆရာ/အသင်းသားလဲရှိတယ်လို့ တွေ့ရပါတယ်။ အရေးကြီးတဲ့အခြေခံအချက် ကတော့ ကျွန်တော်တို့ဟာ မိမိအသင်းတော်မှာ ထိထိမိမိအသင်းသားအဖြစ်ပါဝင်ဆက်သွယ်ပါ ဝင်ပြီးအသက်ရှင်ဖို့အရေးကြီးပါတယ်။

ဆက်လက်ပြီးတော့ မိမိကိုယ်မိမိဘယ်လိုအသင်းသားလဲဆိုတာစမ်းစစ်ကြည့်ကြပါစို့။ တခုခုကိုဝေဖန်သုံးသတ်မယ်ဆိုရင် Above and below average ဆိုသလို၊ တော်ရုံသင့်ရုံသာမန်ထက်ထူးခြားခြင်းနဲ့သာမန်ထက်နိမ့်ကျတယ်ဆိုတဲ့အဆင့်သုံးဆင့်နဲ့ပိုင်းခြားတတ်ကြပါတယ်။ ယနေ့ကိုယ့်ရဲ့ အောင်စာရင်းမှတ်တမ်းကိုပြုစုမယ်ဆိုရင် မှင်နီတားခြင်းခံရတဲ့အသင်းသားလား၊ ဂုဏ်ထူးထွက်တဲ့အသင်းသားလား ဆိုတာစဉ်းစားဖို့လိုပါတယ်။

နေ့စဉ်ခွန်အားစာအုပ်မှာ CE ခရစ်ယာန်အကြောင်းဖတ်ဘူးပါတယ်။ ကျွန်တော်နားလည်တဲ့ CE ခရစ်ယာန်ဆိုတာ လူငယ်ကြိုးစားခြင်းအဖွဲ့ပါ။ ဒါပေမဲ့စာရေးဆရာပြောတဲ့ CE ခရစ်ယာန်ကတော့ ခရစ မတ်နဲ့ အက်စ်တာ နေ့မှာသာဘုရားကျောင်းရောက်တဲ့ခရစ်ယာန် တွေအကြောင်းဖြစ်နေပါတယ်။

ထိုင်ဝမ်ရောက်မိတ်ဆွေတစ်ယောက်ထံမှ ကြားဘူးတာကထိုင်ဝမ်မှာ အတော်များများဟာနှစ်ခြင်းခံတဲ့နေ့နဲ့ဘဝပြောင်းတဲ့နေ့လောက်ဘဲဘုရားကျောင်းရောက်ဖြစ်တယ်လို့ဆိုပါတယ်။

တခါက Bill ဆိုတဲ့သူတစ်ယောက်ဟာ ဘုရားကျောင်းမတက်ဘူးလို့သင်းအုပ်ဆရာနဲ့ယုံကြည်သူမိတ်ဆွေများကဘုရားကျောင်းလာဖို့ပြောတဲ့အခါ ဂျွန်လအလွန်ချမ်းတဲ့အချိန်ကျမှ လာတက်မယ်လို့ပြောပါတယ်။ ဂျွန်လဟာ ချမ်းအေးတဲ့အချိန်မဟုတ်ပါဘူး၊ ဒါပေမဲ့ သူကမဖြစ်နိုင်တဲ့ရာသီဥတုပြောင်းလဲရင်ဘုရားကျောင်းလာပါ့မယ်လို့ပြောခြင်းဖြစ်ပါတယ်။ ဒီလိုနဲ့နှစ်တနှစ်မှာထူးထူးခြားခြား ဂျွန်လမှာ ရေခဲမတတ်ချမ်းအေးတော့ အသင်းသူအသင်းသားများက Bill တယောက်ဘုရားကျောင်းများလာမလားဆိုပြီး မျှော်လင့်ကြပါသေးတယ်။ တစ်ရက်သောအေးချမ်းတဲ့ဂျွန်လမှာ Bill ဟာ ဘုရားကျောင်းကိုတကယ်ရောက်လာပါတယ်။ ဒါပေမဲ့အသက်မရှိတော့တဲ့သူ့ကိုလူခြောက်ယောက်ကထမ်းပြီး ဘုရားကျောင်းထဲကိုရောက်လာခြင်းဖြစ်ပါတယ်။

အသင်းတော်နဲ့အသင်းသားဆိုတာ အပြန်အလှန်ဆက်သွယ်ကူညီပံ့ပိုးမှုတွေရှိနေရပါတယ်။ ဒါကြောင့်ကျွန်တော်တို့တတွေဟာ အသင်းတော်တစ်ပါးမှာအသင်းသားဖြစ်ပြီဆိုရင် ကျွန်တော်တို့မှာအခွင့်အရေးတွေရှိသလို တာဝန်ကိုယ်စီလဲရှိပါတယ်။

အစပိုင်းမှာတင်ပြခဲ့တဲ့ ဆရာကြီးဟာသူငှါးချင်တဲ့မြင်းရဲ့အကြောင်းကိုကြားရုံနဲ့အရမ်းသဘောကျဝမ်းမြောက်သွားပါတယ်။ သူ့အသင်းတော်မှာ ဒီလိုအသင်းသားမျိုးရှိရင် ဘယ်လောက်ကောင်းမလဲလို့တမ်းတပြီး မြင်းပိုင်ရှင်ကိုနောက်ပြောင်လိုက်ခြင်းဖြစ်ပါတယ်။ ယနေ့အသင်းတော်မှာ အားကိုးရတဲ့အသင်းသူအသင်းသားတွေ၊ ဆရာ့ကိုအားပေးကူညီတတ်တဲ့ အသင်းသူ အသင်းသားတွေ၊ တခြားကိုမပြောင်းရွှေ့စေလိုတဲ့အသင်းသူအသင်းသားတွေ၊ ဘုရားကိုတကယ် အားကိုးအစေခံတဲ့အသင်းသူအသင်းသားတွေ ဖြစ်နေပြီလား၊ ရှိနေပြီလားဆိုတာပြန်လည်ဆန်းစစ်ကြ

ရအောင်။



သင်းအုပ်ဆရာတစ်ပါးက ကျွန်တော့်သိုးတွေမှာ ဂျီပါတယ် ကျွန်တော့်ကိုတခါတခါ ခွေ့ချင်ကြတယ်လို့ပြောတာကြားဘူးပါတယ်။ မိတ်ဆွေကော ဘယ်လိုအသင်းသားလဲ၊ ဘုရားကို ချစ်ခင်ယုံကြည်ပြီးအချင်းချင်းချစ်တဲ့ အသင်းသူအသင်းသားလား၊ အသင်းတော်ကိုချစ်တဲ့အသင်းသူ အသင်းသားလား၊ သင်းအုပ်ဆရာကို ချစ်ပြီးနားလည်ပေးတတ်တဲ့ အသင်းသူအသင်းသားလား၊ အဝေးရောက်ဆိုတဲ့အသင်းသူအသင်းသားလား၊ ဥပမာ ပုသိမ်အသင်းတော်ကအသင်းသားဟာ ရန်ကုန်ရောက်နေတတ်ပါတယ်၊ ဒီလိုအသင်းသားတွေနဲ့အသင်းတော်/သင်းအုပ်ဆရာတို့ဆက်သွယ်ခြင်းပြုပြီး ဆုတောင်းပေးခြင်းအလှူငွေထည့်ဝင်ပေးပို့ခြင်းများပြုကြတာကိုလဲတွေ့ရပါတယ်။ တချို့ကျတော့ နိုင်ငံရပ်ခြားရောက်နေတဲ့အသင်းသူအသင်းသားများဖြစ်နေကြပါတယ်။ ကျွန်တော့်ရဲ့ အဝေးရောက်အသင်းသား တစ်ယောက်အကြောင်းပြောချင်ပါတယ်။ သူကအသင်းတော်အတွက်ဖြစ်ဖြစ်၊ ကျွန်တော်သင်းအုပ်ဆရာအတွက်ဖြစ်ဖြစ်အလှူငွေပို့ပေးရင်သူ့မိဘများ (ကျွန်တော့်အသင်းဝင်မဟုတ်) ကိုယ်တိုင်လာပေးလေ့ ရှိပါတယ်။ သူ့မိဘများက''ဆရာ– ကျွန်တော့်သားက အသင်းတော်ကိုအရမ်းချစ်တာ၊ ဒီတခေါက်နိုင်ငံခြားသွားတာ ပထမဆုံးအခေါက်ဘဲ၊ အသင်းတော်ကို ကားတစ်စီးဝယ်ပေးဖို့ဆိုတာသူ့ရဲ့ပြင်းပြတဲ့ဆန္ဒပေါ့''လို့ပြောပါတယ်။ ကျွန်တော်က ကောင်းလိုက်တဲ့ရည်ရွယ်ချက်ဘဲ၊ သူ့ဆန္ဒပြည့်သွားအောင်သူကဘဲဦးဆောင်ပြီးအသင်းသူအသင်းသားတွေနဲ့ ကားတစ်စီးဝယ်ပေးရင်သိပ်ကောင်းတာပေါ့လို့ပြောတော့၊ ဖခင်ဖြစ်သူက ''မဟုတ်ဘူးသားကသူ တစ်ယောက်ထဲကဝယ်ပေးချင်တာ''လို့ပြန်ပြောပါတယ်။ ကျွန်တော်စိတ်ပူ မျက်နှာပူပြီးအံ့သြခဲ့ရပါတယ်။ မိဘကိုအရင်ကျွေးမွေးပြုစုပါရစေလို့မပြောဘဲ၊ ခရစ်တော်နဲ့ အသင်းတော်အတွက် လိုအပ်နေတဲ့အရာကို ပထမဦးစားပေးပြီးစိတ်ဆန္ဒပြင်းပြနေတာကို ကြားရတော့ အဝေး ရောက်အသင်းသားတစ်ယောက်ရဲ့ အသင်းတော်အပေါ်ထားရှိတဲ့စိတ်ထားကိုစဉ်းစားပြီး ပျော်ရွှင်ပီတိဖြစ်ခဲ့ပါတယ်။ ဒီတော့ နိုင်ငံခြားရောက်လို့၊ အဝေးရောက်သွားတဲ့ အသင်းသားများဖြစ်တာကိုတော့ ကျွန်တော်တို့နားလည်ပေးလို့ရပါတယ်။ ဒါပေမဲ့အနီးအနားမှာနေပြီးတော့ အဝေးရောက်နေတဲ့ အသင်းသူအသင်းသားများလဲရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဘုရားသခင်ရဲ့အသင်းတော်နဲ့ဝေးနေတဲ့အသင်းသူအသင်းသားများလဲရှိပါတယ်။

ခရစ်တော်နဲ့
အသင်းတော်အတွက်
လိုအပ်နေတဲ့အရာကို
ပထမဦးစားပေးပြီးစိတ်ဆန္ဒပြင်းပြနေတာကို
ကြားရတော့ အဝေးရောက်
အသင်းသားတစ်ယောက်ရဲ့
အသင်းတော်အပေါ်ထားရှိတဲ့စိတ်ထား
ကိုစဉ်းစားပြီး
ပျော်ရွှင်ပီတိဖြစ်ခဲ့ပါတယ်။

ရောမ ၁၆း၁ မှ ၂၀ ထိကိုလေ့လာကြည့်ကြပါစို့။ ရှင်ပေါလုကရောမမြို့မှာရှိတဲ့ သူ့ရဲ့အသင်းသူအသင်းသားများကို နှုတ်ဆက်တဲ့အခါ တစ်ဦးချင်းကိုရင်းရင်းနှီးနှီးသိနေပါတယ်။ သူ့ရဲ့ အသင်းသူအသင်းသားတွေဟာ အသင်းတော်မှာဘယ်လိုပါဝင်နေကြတယ်၊ ဘုရားအမှုတော်အတွက်ဘယ်လိုဆက်ကပ်နေကြတယ်၊ သူ့အပေါ် ဘယ်လိုသဘောထားကြတယ်ဆိုတာ ဒီကျမ်းပိုဒ်အားဖြင့် ယနေ့အသင်းတော်မှာရှိတဲ့ယုံကြည်သူတွေကိုဖော်ပြနေပါတယ်။ ဒီကျမ်းပိုဒ်မှာ အထူးသဖြင့် ဝိသေသပြုထားတဲ့အရာတွေရှိပါတယ်။ ဥပမာကျွန်တော်တို့က လူတွေကိုဖော်ပြချင်တဲ့အခါ အလွန်ဝသောဘယ်သူ၊ အလွန်ပိန်သောဘယ်သူ၊ မျက်စိပြူးသောဘယ်သူ၊ အစားကြီးသောဘယ်သူ စသဖြင့် လူတစ်ဦးချင်း၏ထူးခြားသောအပြုအမူအနေအထား၊ စိတ်နေသဘောထားများနှင့် တွဲပြီးသိမှတ်ပြောတတ်ကြပါတယ်။ ယနေ့မိမိရဲ့ သင်းအုပ်ဆရာကိုဘယ်လိုအသိအမှတ်ပြုနေကြ သလဲ တရားဟောရှည်တဲ့ဆရာ၊ အသံကြောင်ကြောင်နဲ့တရားဟောဆရာ စသဖြင့်သိမှတ်ကြသ လား၊ ဒီလိုပါဘဲအသင်းသူအသင်းသားတွေက လဲအချင်းချင်းဘယ်လိုဝိသေသပြုသတ်မှတ်ကြ မလဲ၊ ရောမ ၁၆ ထဲမှာရှင်ပေါလုဖော်ပြတဲ့အသင်းသူအသင်းတွေရဲ့ဝိသေသတွေကိုစဉ်းစား ဆင်ခြင်ကြည့်ကြပါစို့။

ရောမ ၁၆း၂ အဆုံးပိုင်းမှာ ဖိဗေ ဆိုတဲ့အမျိုးသမီးရဲ့အသက်တာထူးခြားချက်ကတော့ ''ကူ

ညီမစတတ်သောသူ''ဖြစ်ပါတယ်၊ ရောမ ၁၆း၄ မှာ ပြကီလ နှင့် အာကုလတို့သည် ပေါလုအတွက် ''အသေခံရန်အဆင်သင့်ဖြစ်နေသူများ''ဟုဖော်ပြထားပါတယ်။ ၁၆း၅ မှာ ဦးဦးဖြားဖြား၊ အဦးသီးသော ပေဲနက် အကြောင်း တွေ့ရပါတယ်။ သတိရှိရှိနှင့်ခရစ်တော်ကိုဦးစွာ ယုံကြည်လက်ခံသောသူဖြစ်ပါတယ်။

၁၆း၆ မှာ မာရိဆိုသူအမျိုးသမီးကတော့ သာသနာလုပ်ငန်းကိုအထူးသဖြင့်ကြိုးစားသူဖြစ်ပါတယ်။

၁၆း၇ မှာ ပေါလုနဲ့အမျိုးတူတဲ့ (ဗယာ်မိန်အမျိုး) ပုဂ္ဂိုလ်နှစ်ဦးဖြစ်ပြီးသူတို့ကတော့ ပေါလု နဲ့အတူ အကျဉ်းခံသောသူများဖြစ်ပါတယ်။




အသင်းတော်မှာလုပ်စရာကိုင်စရာများစွာရှိပါတယ်။ ဒါကြောင့်ဆရာကြီးတစ်ပါးကတော့ အသင်းတော်ဟာ ပျားအုံကြီးနဲ့တူတယ်လို့ပြောပါတယ်။ ပျားအုံတစ်အုံမှာ ပျားကောင်ရေ ရှစ်သောင်းခန့်(အကြမ်းအားဖြင့်)ရှိပါတယ်။ အဓိကမရှိမဖြစ်ကတော့ ပျားဘုရင်မကြီးဖြစ်ပါတယ်။ ပျားဘုရင်မကြီးမရှိရင်ဒီပျားအုံရဲ့ အနာဂတ်ဆိုတာမရှိဘူး။ ဒါကြောင့်ဒီပျားအုံကြီးထဲမှာ တာဝန်အသီးသီးခွဲခြားထားပါတယ်။ ထောက်လှမ်းရေး၊လုံခြုံရေး၊ သေတဲ့ပျားတွေကိုသင်္ဂြိုဟ်ရေး'' စသဖြင့်ဖွဲ့စည်းထားပါတယ်။ ဆောက်လုပ်ရေးပျားတွေလဲရှိသေးတယ်၊ သူတို့ကပေါက်တဲ့ပျား အုံနေရာတွေကိုပြန်ဖာထေးပေးရတယ်။ ပျောက်တဲ့ပျားတွေကိုတော့အနံ့ပေးပြီးပြန်ရှာရပါတယ်။ ပျားအုံတစ်အုံမှာပါဝင်နေတဲ့ပျားတိုင်းမှာ တာဝန်ကိုယ်စီရှိပါတယ်။ အားလုံးတာဝန်ကိုယ်စီကျေကျေပြွန်ပြွန်ဆောင်ရွက်မှသာ ပျားအုံကြီးဟာ ပုံမှန်လည်ပတ်နိုင်တာဖြစ်ပါတယ်။

ခရစ်တော်၏အမှုကိုမဆောင်ရွက်ဘဲ
ကိုယ်ကျိုးစီးပွါးကိုသာရှာပြီး
အသင်းတော်မှာပါဝင်သူများ နှင့်
သူတပါး
ကိုဖျားယောင်းလှည့်စားတတ်သူများကို
ရှောင်ကြဉ်ရန်'
သွန်သင်ထားသည်ကိုလဲ
တွေ့ရပါသည်။

ဒါကြောင့်ဘုရားအမှုတော်မှာ အတူတူဆောင်ရွက်မှုရှိရန်လိုအပ်ပါတယ်။ ဆက်ပြီးလေ့လာမယ်ဆိုရင် ၁၆း၁၀ မှာ တပည့်တော်စစ်ဖြစ်သောအသင်းသား၊ အားကိုးယုံကြည်စိတ်ချရသောအသင်းသားများအကြောင်းတွေ့ပါတယ်။

၁၆း၁၁ မှာသခင်ဘုရား၏အမှုတော်ကို ကျိုးစားသောအမျိုးသမီးအကြောင်းကို တွေ့နိုင်ပြီး၊ ၁၆း၁၇–၂၀ မှာ ''မဖြစ်သင့်မဖြစ်အပ်သောအသင်းသားများ''အကြောင်းကိုတွေ့ရပါတယ်။ သင်းခွဲခြင်း၊ စည်းလုံးမှုကိုကွဲပြားစေခြင်းကိုမပြုတဲ့အပြင်ထိုသို့ပြုတတ်တဲ့သူတွေကိုရှောင်ကြဉ်ရန်နှင့် **'ခရစ်တော်၏အမှုကိုမဆောင်ရွက် ဘဲကိုယ်ကျိုးစီးပွါးကိုသာရှာပြီးအသင်းတော် မှာပါဝင်သူများနှင့် သူတပါးကိုဖျားယောင်းလှည့်စားတတ်သူများကို ရှောင်ကြဉ်ရန်'** သွန်သင်ထားသည်ကိုလဲတွေ့ ရပါသည်။

နောက်ဆုံးတွင်ရှင်ပေါလုက ''ကောင်းသောအမှုအရာ၌ပညာရှိစေခြင်းငှါ၄င်း၊ ဆိုးသောအမှု၌အပြစ်ကင်းစေခြင်းငှါ၄င်း ငါအလိုရှိတယ်''လို့ဆိုထားပါတယ်။မိတ်ဆွေ–––သင်ကောဘယ်လိုအသင်းသားလဲ/ဘယ်လိုသင်းအုပ်ဆရာလဲ ကိုယ့်ကိုယ်ကိုပြန်လည်ဆန်းစစ်ကြည့်ကြပါစို့။

*– သိက္ခာတော်ရဆရာဦးမျိုးမော် –*

*(သင်းအုပ်ဆရာ၊ မြန်မာနှစ်ခြင်းအသင်းတော်*
*နယူးရောက်မြို့)*